# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 10 , 2024 Volume 74, Number 7

၁၀.၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၆ US$ |
| မြန်မာ့ရွှေဈေး | = ၃၇၄၂၀၀၀ |
| ဒေါ်လာဈေး | = ၃၄၆၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၈.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၆.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၇.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၇.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၈၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၈၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၉၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၁.၈၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၀၅၁ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ကြက်သွန်နီတွေ နယ်စုံပေါ်လာလို့ ဈေးတွေ ဆက်တိုက်ကျဆင်းလာ




မြန်မာ့ကြက်သွန်နီတွေ နေရာဒေသအစုံကနေထွက်ရှိပြီး ပွဲရုံတွေကို ကြက်သွန်အဝင်များနေတာကြောင့်ဈေးနှုန်းတွေဆက်တိုက်ကျဆင်းလာနေတယ်လို့ ကုန်သည်တွေဆီကသိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ တတိယပတ်လောက်က ရန်ကုန် ကုန်စည်ဒိုင်မှာ နွေ ကြက်သွန်နီအဟောင်း တစ်ပိဿာကို ၅၁၀၀ အထိအမြင့်ဆုံးရှိပြီး မိုးကြက်သွန်အသစ်တစ်ပိဿာကို ၄၈၀၀ ကျပ်အထိ ရှိခဲ့ပေမယ့် လက်ရှိမှာတော့ ကြက်သွန်အဟောင်းက အဝင်မရှိသလောက်နည်းသွားပြီး ကြက်သွန်အသစ်က တစ်ပိဿာကို ၃၅၀၀ ကျပ်ဈေးသာရှိတော့လို့ တစ်ပိဿာကို ၁၃၀၀ ကျပ်လောက်အထိ ရန်ကုန်ဈေးကွက်မှာ ကျဆင်းသွားပါတယ်။

"အခုက နယ်စုံကနေ ကြက်သွန်တွေပေါ်နေပြီ၊ နယ်စုံပေါ်ရင် ကြက်သွန်ဈေးက ကျတတ်စမြဲပါ။ မိုးကြက်သွန်က နှစ်မကူးခင်ရောင်းထားမှ အဆင်ပြေတာ၊ နှစ်ကူးသွားရင် နယ်စုံပေါ်တတ်တယ်လေ"လို့ ပခုက္ကူမြို့နယ်က ကြက်သွန်နီကုန်သည်ကိုအောင်ကိုဝင်းက ပြောပါတယ်။

မြင်းခြံကုန်စည်ဒိုင်နဲ့ပခုက္ကူကုန်စည်ဒိုင်မှာတော့ မိုးကြက်သွန်အသစ်က တစ်ပိဿာကို ၂၈၀၀ မှ ၃၃၀၀ ကျပ်အထိ ဈေးတန်းရှိရာကနေ လက်ရှိ နှစ်စပထမပတ်မှာတော့ တစ်ပိဿာကို ၁၇၀၀ မှ ၂၅၀၀ ကျပ်သာရှိတော့သဖြင့် တစ်ပိဿာကို ၈၀၀ မှ ၁၁၀၀ လောက်ကျဆင်းသွားတယ်လို့ သိရပါတယ်။

မြင်းခြံကုန်စည်ဒိုင်နဲ့ ပခုက္ကူကုန်စည်ဒိုင်ကို ကြက်သွန်နီဝင်ရောက်မှုအနေနဲ့ကတော့ နေ့စဉ် ပိဿာချိန် ၃ သိန်းလောက် ဝင်ရောက်မှုရှိနေပြီး အရည်အသွေးကောင်း၊ ပစ္စည်းသန့်တဲ့ကြက်သွန်တွေကတော့ အရောင်းအဝယ်သွက်နေတယ်လို့ သိရပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်ကိုတော့ နေ့စဉ်ကြက်သွန်ကားအစီးရေ ၂၀ ကနေ ၄၀ ကြား ဝင်ရောက်နေတယ်လို့ သိရပါတယ်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့မှာ အိန္ဒိယဘက်နိုင်ငံက ကြက်သွန်နီတင်ပို့မှုနဲ့ပတ်သက်ပြီး ဈေးနှုန်းပိုင်းကို ထိန်းချုပ်ကန့်သတ်ထုတ်ပြန်လိုက်လို့ ဒီဇင်ဘာလ ၉ ရက်ကစပြီး မြန်မာ့ကြက်သွန်နီဈေးက မြင့်တက်လာခဲ့ပေမဲ့ လက်ရှိမှာတော့ ဒေသအစုံကနေ မိုးကြက်သွန်တွေထွက်ရှိနေပြီဖြစ်လို့ ဈေးပြန်ကျဆင်းသွားတာပဲဖြစ်ပါတယ်။ ကြက်သွန်နီအမျိုးအစားထဲမှာ မြစ်သားကြက်သွန်၊ ဆိပ်ဖြူကြက်သွန်နဲ့မြင်းခြံကထွက်တဲ့ကြက်သွန်နီ (နဝရတ်)က ဈေးကွက်မှာ ဈေးတန်းအမြင့်ဆုံးဖြစ်ပါတယ်။

မိုးကြက်သွန်နီကို သယ်ယူပို့ဆောင်စရိတ်နုတ်ပြီး တစ်ပိဿာကို ၂၀၀၀ ကျပ်ရရှိပါက တောင်သူတွေအတွက် အကျိုးအမြတ်ရရှိနိုင်ပြီး ယင်းပမာဏအောက်ရရှိပါက အကျိုးအမြတ်ရရှိမှုနည်းမှာ ဖြစ်တယ်လို့သိရပါတယ်။ လက်ရှိမှာ မိုးကြက်သွန်နုတ်ပြီး ရောင်းချပြီးသူတွေကတော့ ဆောင်းကြက်သွန်ကို စိုက်ပျိုးနေကြပြီဖြစ်ပါတယ်။

**Source: AMIA**

https://t.me/htwettoe

## ၂၀၂၄ ခုနှစ် ဇန်နဝါရီ ပထမပတ်မှာ ဈေးနှုန်းတွေတက်လာတဲ့ ပဲကြီး ၊ ကုလားပဲနဲ့ပြောင်းဆန်

ပြည်တွင်းစားသုံးမှု အဓိကဖြစ်တဲ့ ပဲကြီးနဲ့ကုလားပဲက ၂၀၂၄ ခုနှစ်စမှာ ဈေးနှုန်းတွေတက်လာသလို ပြောင်းဆန်ဈေးကလည်းဆက်တိုက်မြင့်တက်လာနေတယ်လို့သိရပါတယ်။

**ကုလားပဲဈေးကွက်**

ကုလားပဲကတော့ ပြည်ပကိုအနည်းငယ်တင်ပို့မှုသာရှိပြီး အဓိကဈေးကွက်က ပြည်တွင်းစားသုံးမှုအပေါ် မူတည်နေတာဖြစ်တယ်လို့သိရပါတယ်။ ဒါကြောင့် ပြည်ပကဝယ်လိုအားရှိလာချိန်နဲ့ ပြည်တွင်းလက်ကျန်နည်းတဲ့အချိန်တွေမှာ ဈေးတန်းက မြင့်တက်လာပြီး ပြည်ပတင်ပို့မှုရှိလို့ ဒေါ်လာဈေးအတက်အကျအပေါ်လိုက်ပြီးလည်း ဈေးနှုန်းမတည်ငြိမ်မှု ဖြစ်တတ်တယ်လို့ ကုန်သည်တွေကဆိုပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ကုလားပဲဖြူလုံးတစ်ပိဿာကို ၄၈၃၀ မှ ၄၉၂၀ ကျပ်ရှိပြီး၊ ကုလားပဲဖြူလုံးကြီး တစ်ပိဿာကို ၅၀၀၀ မှ ၅၀၈၅ ကျပ်ဈေးတန်းရှိလာတာကြောင့် ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလနဲ့ယှဉ်ရင် တစ်ပိဿာကို ၁၆၅ ကျပ်မှ ၂၅၀ ကျပ်အထိ မြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ ကုလားပဲ v2 က ၃,၀၀,၀၀၀ ၂,၇၈,၀၀၀ ကျပ်၊ ကုလားပဲ v7 ၃,၀၀,၀၀၀ ၂,၈၀,၀၀၀ ကျပ်၊ ကုလားပဲ 929 က ၂၈,၄၀,၀၀၀ ၂,၆၆,၀၀၀မှ ၂,၆၇,၀၀၀ ကျပ်ဈေးပေါက်လို့ အရင်ရက်ကထက် တစ်အိတ်ကို ၂၀၀၀ မှ ၃၀၀၀ ကျပ်ပြန်ကျလာတယ်လို့သိရပါတယ်။

ကုလားပဲက လက်ရှိမှာ လက်ကျန်ပဲနည်းလာတာကြောင့် ဈေးတန်းကတက်လာတာဖြစ်ပြီး ပဲအသစ်တွေက လာမဲ့ ဖေဖော်ဝါရီလကုန်နဲ့မတ်လလောက်မှာ စတင်ထွက်ရှိမှာဖြစ်ပါတယ်။

မန္တလေးနဲ့အောင်လံကထွက်တဲ့ V2 ၊ V7 ကုလားပဲနဲ့ မြကြေးမုံ ကုလားပဲတွေက ပြည်ပကိုတင်ပို့မှုရှိပြီး ကျန်တဲ့ပဲတွေက ပြည်တွင်းစားသုံးမှု အဓိကဖြစ်ပါတယ်။

**ပဲကြီးဈေးကွက်**

ပဲကြီးကတော့ ပြည်တွင်းစားသုံးမှုသာအဓိကဖြစ်လို့ ပဲလက်ကျန်နည်းလာတာကြောင့် ဈေးတန်းကတက်လာတာ

ဖြစ်တယ်လို့သိရပါတယ်။ ဒါပေမဲ့ ပြည်တွင်းစားသုံးမှုအဓိကဖြစ်လို့ ဈေးတန်းကအခုထက်ပိုပြီး အများကြီးမြင့်တက်နိုင်ဖွယ်မရှိသလို ဈေးကျဆင်းနိုင်တဲ့အခြေအနေလည်းမရှိဘူးလို့ရပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ပဲကြီး (ကုန်း) တစ်ပိဿာကို ၆၄၃၀ မှ ၆၇၈၅ ကျပ်ရှိပြီး ၆၀၈၅ မှ ၆၄၃၅ ကျပ်၊ ပဲကြီး (ရွှေကျွန်း) တစ်ပိဿာကို ၇၀၇၅ မှ ၇၄၃၅ ကျပ်ဈေးတန်းရှိလာတာကြောင့် ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလနဲ့ယှဉ်ရင် တစ်ပိဿာကို ၃၅၅ ကျပ်လောက်ဈေးတက်လာတာတွေ့ရပါတယ် ။

မန္တလေးဈေးကွက်မှာလည်း ပဲကြီး( လတ် ) ၅၅ ဒသမ ၂၅ ပိဿာကို ၃,၉၀,၀၀၀ မှ ၄,၀၀,၀၀၀ ကျပ်ရှိပြီး ပဲကြီး(သေး) က ၃,၇၀,၀၀၀ မှ ၃,၈၀,၀၀၀ ကျပ် ဈေးတန်းပေါက်လာလို့ တစ်အိတ်ကို ၂၀,၀၀၀ မှ ၃၀,၀၀၀ ကျပ် ဈေးတက်လာပါတယ်။

လက်ရှိမှာ ပဲကြီးကလည်း လက်ကျန်အဟောင်းသာရှိပြီး ပဲအသစ်တွေက မပေါ်သေးပါဘူး။ ပဲအထွက်နှုန်းလျော့ကျရင် ဈေးကတက်နိုင်ပြီး အထွက်နှုန်းပိုလျှံရင်တော့ ဈေးတန်းက ပြန်အေးသွားနိုင်တယ်လို့ ကုန်သည်တွေကဆိုပါတယ်။

**ပြောင်းဆန်ဈေးကွက်**

ပြောင်းဆန်က ပို့ကုန်ရငွေဖြေလျှော့မှုအပြီး ဈေးမြင့်တက်လာသလို ပြည်ပကိုတင်ပို့မှု မြင့်တက်လာတာကြောင့်လည်း ပြည်တွင်း ပြောင်းဆန်ဈေးက နှစ်စရောက်တဲ့အထိ ဆက်တိုက်မြင့်တက်လာပါတယ်။

ပြည်ပတင်ပို့မှုရှိသလို ပြည်တွင်းအစာစပ်စက်ရုံတွေကလည်း ဝယ်ယူမှုရှိနေတာကြောင့် ပြောင်းဆန်ဈေးက မြင့်တက်လာနေတာဖြစ်ပါတယ်။

လက်ရှိ ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ပြောင်းဆန်တစ်ပိဿာကို ၁၁၈၀ မှ ၁၂၀၀ ကျပ် ဈေးပေါက်လာနေပြီး ရှမ်းပြည်နယ်တောင်ပိုင်းက ပွဲရုံတွေကလည်း ပွဲရုံအထိုင်ဈေး တစ်ပိဿာကို ၁၁၁၀ ကျပ်အထိ ဈေးပေးဝယ်ယူမှု ရှိလာတယ်လို့ သိရပါတယ်။

လက်ရှိမှာ မြန်မာ့ပြောင်းဆန်ကို တရုတ်၊ ဗီယက်နမ်၊ ထိုင်းကို တန်ချိန် ၇ သိန်းအထိတင်ပို့ဖို့ MOU လက်မှတ်ရေးထိုးထားသလို MOU မရေးထိုးဘဲနဲ့လည်း ပြောင်းဆန်တင်ပို့တဲ့ ကုမ္ပဏီတွေ အများအပြားရှိနေတယ်လို့သိရပါတယ်။

လာမဲ့ ဖေဖော်ဝါရီလမှာလည်း ထိုင်းနိုင်ငံရဲ့အခွန်ကင်းလွတ်ခွင့်ကာလရောက်လို့ ပြောင်းဆန်တွေကို အခွန် ကင်းလွတ်ခွင့်နဲ့ စတင်တင်ပို့မှာဖြစ်တာကြောင့် ပြောင်းဆန်ဈေးက လက်ရှိရောက်နေတဲ့ဈေးထက် ပြန်ကျနိုင်ဖွယ်မရှိဘဲ ထပ်ပြီး တက်လာနိုင်တဲ့အခြေအနေရှိနေပါတယ်။

မြန်မာ့ပြောင်းဆန်က ထိုင်းကိုအခွန်ကင်းလွတ်ခွင့်ကာလမှာ အလားအလာကောင်းတွေရှိနေပေမဲ့လည်း မြဝတီနယ်စပ်ကုန်သွယ်ရေးကနေ ထိုင်းကို တင်ပို့နိုင်ခြင်းရှိမရှိပေါ်မူတည်ပြီး ဈေးကွက်အခြေအနေက အပြောင်းအလဲဖြစ်လာနိုင်တယ်လို့ ကုန်သည်တွေက သုံးသပ်ကြပါတယ်။

**Source: AMIA**

**#Awba**

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်းများ ယခင်ပတ်နှင့်ယခုပတ်နှိုင်းယှဉ်မှုအခြေအနေ

ဇန်နဝါရီလ ဒုတိယပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော လယ်ယာထွက်ကုန် သီးနှံများဖြစ်သော ဂျုံဖြူသန့်၊ ဂျုံထွက်တိုး၊ ပဲတီစိမ်းကြီး ပဲနီလုံးရိုးရိုး၊ ပဲနီလုံးကြား၊ ပြောင်းနီဈေးငြိမ်၍ ပဲကြီးဈေးနှုန်းကျဆင်းနေပြီး၊ ပဲတီစိမ်းသေး၊ ပဲစင်းငုံ၊ CP ပြောင်းဖူးစေ့၊ ကုလားပဲဖြူလုံးကြီး၊ ကုလားပဲဖြူလုံးသေး၊ ကုလားပဲထိုင်ဝမ်နှင့် ကုလားပဲ 929 ၊ မတ်ပဲ၊ ပဲလွန်းဖြူ၊ ပဲလွန်းပြာဈေးနှုန်းများ ဈေးမြင့်တက်နေကြောင်းသိရသည်။ ယခုတစ်ပတ်အတွင်း သီးနှံတစ်တင်းပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် (၆၀,၀၀၀)ကျပ်၊ ဂျုံထွက်တိုး (၅၂,၀၀၀)ကျပ်၊ ပဲကြီး (၁,၂၇,၀၀၀)ကျပ်၊ မတ်ပဲ (၉၅,၅၀၀)ကျပ်၊ ပဲတီစိမ်းကြီး (၅၃,၀၀၀–၅၉,၀၀၀) ကျပ်၊ ပဲတီစိမ်းသေး (၄၉,၅၀၀– ၅၁,၀၀၀)ကျပ်၊ ပဲစင်းငုံ(၁,၁၂,၀၀၀)ကျပ်၊ ပဲနီလုံးရိုးရိုး (၅၂,၀၀၀–၅၄,၀၀၀)ကျပ်၊ ပဲနီလုံးကြား (၅၅,၀၀၀) ကျပ်၊CP ပြောင်းဖူးစေ့ (၁၉,၅၀၀)ကျပ်၊ ပြောင်းနီ (၂၅,၀၀၀)ကျပ်၊ ကုလားဖြူလုံးကြီး (၉၉,၀၀၀)ကျပ်၊ ကုလားပဲဖြူလုံးသေး (၉၉,၀၀၀)ကျပ်၊ ကုလားပဲ 929 (၉၇,၀၀၀)ကျပ်၊ ကုလားပဲ

ထိုင်ဝမ် (၉၆,၅၀၀)ကျပ်၊ ပဲလွန်းဖြူ (၅၅,၀၀၀-၆၅,၀၀၀)ကျပ်၊ ပဲလွန်းပြာ (၆၇,၀၀၀)ကျပ်ပေါက်ဈေးရှိကြောင်းသိရသည်။ ယခင်ပတ်ကာလတူအချိန် ပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် (၆၀,၀၀၀)ကျပ်၊ ဂျုံထွက်တိုး (၅၂,၀၀၀)ကျပ်၊ ပဲကြီး(၁,၂၈,၀၀၀) ကျပ်၊ မတ်ပဲ (၉၂,၅၀၀)ကျပ်၊ ပဲတီစိမ်းကြီး (၅၀,၀၀၀-၅၉,၀၀၀)ကျပ်၊ ပဲတီစိမ်းသေး (၄၃,၀၀၀- ၄၈,၅၀၀) ကျပ်၊ ပဲစင်းငုံ (၁,၀၃,၄၀၀)ကျပ်၊ ပဲနီလုံးရိုးရိုး (၅၂,၀၀၀- ၅၄,၀၀၀)ကျပ်၊ ပဲနီလုံးကြား (၅၅,၀၀၀) ကျပ်၊ CP ပြောင်းဖူးစေ့ (၁၈,၅၀၀)ကျပ်၊ ပြောင်းနီ(၂၅,၀၀၀) ကျပ်၊ ကုလားပဲဖြူလုံးကြီး (၉၅,၀၀၀)ကျပ်၊ ကုလားပဲဖြူလုံးသေး (၉၆,၀၀၀) ကျပ်၊ ကုလားပဲ 929 (၉၄,၀၀၀)ကျပ်၊ ကုလားပဲ ထိုင်ဝမ် (၉၃,၅၀၀) ကျပ်၊ ပဲလွန်းပြာ (၆၆,၀၀၀)ကျပ်၊ ပဲလွန်းဖြူ (၅၄,၀၀၀-၆၅,၀၀၀) ကျပ် ပေါက်ဈေးရှိ၍ ယခုတစ်ပတ်အတွင်း ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက ပဲကြီးတစ်တင်းလျှင် (၁၀၀၀) ကျပ်နှုန်းကျဆင်း၍ မတ်ပဲ တစ်တင်းလျှင် (၃၀၀၀)ကျပ်၊ ပဲတီစိမ်းသေး တစ်တင်းလျှင် (၂၅၀၀) ကျပ်၊ CP ပြောင်းဖူးစေ့ တစ်တင်းလျှင် (၁၀၀၀) ကျပ်၊ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် (၄၀၀၀)ကျပ်၊ ကုလားပဲဖြူလုံးသေး တစ်တင်းလျှင် (၃၀၀၀)ကျပ်၊ ကုလားပဲ 929 (၃၀၀၀)ကျပ်၊ ကုလားပဲထိုင်ဝမ် တစ်တင်း (၃၀၀၀)ကျပ်၊ ပဲစင်းငုံ တစ်တင်း (၈၆၀၀)ကျပ်၊ ပဲလွန်းဖြူ တစ်တင်း (၁၀၀၀)ကျပ်၊ ပဲလွန်းပြာ တစ်တင်း (၁၀၀၀)ကျပ်နှုန်း မြင့်တက်နေကြောင်းသိရသည်။

**Source: Monywa Myantrade**

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ဆီထွက်သီးနှံဈေးနှုန်းများ ယခင်ပတ်နှင့်ယခုပတ်နှိုင်းယှဉ်မှု အခြေအနေ

ဇန်နဝါရီလ ဒုတိယပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက်အခြေအနေမှာ နှမ်းဖြူ၊ နှမ်းနက်၊ နှမ်းညို၊ နှမ်းဝါ၊ မြေပဲလုံးဆန်ဖြူနှင့် ဆီဆန်ဈေးနှုန်းများ ဈေးမြင့်နေကြောင်း သိရသည်။ ယခုအပတ်တွင်း နှမ်းညိုတစ်တင်းလျှင် (၉၅,၀၀၀)ကျပ်၊ နှမ်းဝါတစ်တင်းလျှင် (၉၅,၀၀၀)ကျပ်၊ နှမ်းဖြူတစ်တင်း လျှင် (၁,၁၀,၀၀၀-၁,၁၇,၀၀၀)ကျပ်၊ နှမ်းနက်တစ်တင်းလျှင် (၁,၀၇,၀၀၀-၁,၂၂,၀၀၀)ကျပ်ဖြစ်ကာ ယခင်ပတ်ကာလတူ ပေါက်ဈေးနှုန်းမှာ နှမ်းညိုတစ်တင်းလျှင် (၉၃,၀၀၀) ကျပ်၊ နှမ်းဝါတစ်တင်းလျှင် (၉၃,၀၀၀)ကျပ်၊ နှမ်းဖြူ တစ်တင်း လျှင် (၁,၀၄,၀၀၀-၁,၁၀,၅၀၀)ကျပ်၊ နှမ်းနက်တစ်တင်းလျှင် (၉၈,၀၀၀-၁,၁၈,၀၀၀) ကျပ်ရှိ၍ ယခင်ပတ်ကာလတူအချိန်နှင့် နှိုင်းယှဉ်ပါက ဈေးမြင့်တက်နေကြောင်း သိရသည်။

ယခုအပတ်တွင်း မြေပဲလုံးဆန်ပေါက်ဈေးနှုန်းနှင့် ဆီဈေးနှုန်းများမှာ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ (၆၅၀၀)ကျပ် မြေပဲဆီဆန်ဖြူ တစ်ပိဿာ (၆၀၀၀) ကျပ်ရှိပြီး ယခင်ပတ် ကာလတူပေါက်ဈေးနှုန်းမှာ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ (၆၂၅၀)ကျပ်၊ မြေပဲဆီဆန်ဖြူ တစ်ပိဿာ (၅၈၅၀) ကျပ်၊ ယခုအပတ် ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက မြေပဲဆီ ဆန်ဖြူနှင့် မြေပဲလုံးဆန်ဖြူမှာ ဈေးအနည်းငယ်မြင့်တက်နေကြောင်း သိရသည်။ ယခုတစ်ပတ်တွင် ပဲဆီ တစ်ပိဿာ (၁၂,၅၀၀)ကျပ်၊ နှမ်းဆီတစ်ပိဿာ (၁၂,၅၀၀)ကျပ် ဖြစ်ပြီး ပဲဖတ်တစ်ပိဿာ ၂၄၆၀ကျပ်၊ နှမ်းဖတ် တစ်ပိဿာ ၂၃၅၀ကျပ်၊ နေကြာဖတ် တစ်ပိဿာ ၁၇၅၀ ကျပ်ဖြင့် အသီးသီးရောင်းဝယ်နေကြောင်းသိရပါသည်။

**Source: Monywa Myantrade**

## ပဲဈေးကွက်မြင့်တက်လာ

မကွေးတိုင်းဒေသကြီးတွင် ပဲမျိုးစုံကိုအဓိကစိုက်ပျိုးသည့် တိုင်းတစ်တိုင်းဖြစ်သည်။ ၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ပဲမျိုးစုံအရောင်းအဝယ်လည်း သွက်လာသလို တောင်သူကြိုက်ဈေးလည်းရနေသည်။ ပို့ကုန်ပဲများဖြစ်သည့် ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းစသည့်ပဲများ ပြည်ပဝယ်လက်များ၏ဝယ်လိုအားရှိပြီး ကျန်ပြည်တွင်းသုံးပဲများသည်လည်း လှောင်လက်များ၏ ဝယ်လိုအားရှိနေတဲ့အတွက် အရောင်းအဝယ်သွက်နေသည်။

၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလတွင် ပဲစင်းငုံ(နီ)၂၀ ပိဿာ(၁)တင်းလျှင် (၉၀,၀၀၀/၉၅,၀၀၀/ ၁,၀၀,၀၀၀/၁,၀၈,၀၀၀)၊ ပဲတီစိမ်း ၂၀ ပိဿာ(၁)တင်းလျှင် (၅၂,၅၀၀/၅၆,၀၀၀/ ၆၂,၅၀၀/၆၅,၀၀၀)၊ မတ်ပဲ ၂၀ ပိဿာ (၁)တင်းလျှင် (၈၆,၀၀၀/၉၂,၀၀၀/၉၃,၅၀၀)၊ ကုလားပဲ(HL) ၂၀ပိဿာ(၁)တင်းလျှင် (၉၁,၀၀၀/၉၂,၅၀၀/၉၅,၀၀၀)၊ ကုလားပဲ(မြကြေး) ၂၀ ပိဿာ(၁)တင်းလျှင် (၉၀,၀၀၀/

၉၃၀,၀၀၀)စျေးတို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလဆန်းပိုင်းတွင် ပဲစင်းငုံ(နီ) ၂၀ ပိသာ(၁)တင်းလျှင် (၁,၀၈,၀၀၀/ ၁,၁၃,၅၀၀)၊ ပဲတီစိမ်း ၂၀ ပိသာ (၁)တင်းလျှင် (၆၅,၀၀၀/၇၀,၀၀၀)၊ မတ်ပဲ ၂၀ ပိသာ(၁)တင်းလျှင် (၈၄,၅၀၀/ ၈၅,၅၀၀)၊ ကုလားပဲ(HL) ၂၀ ပိသာ (၁)တင်းလျှင် (၈၅,၀၀၀/၈၉,၅၀၀)၊ ကုလားပဲ(မြကြေး) ၂၀ပိသာ (၁)တင်းလျှင် (၉၃,၀၀၀/၉၈,၀၀၀)စျေးတို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။

ယခင်လနှင့်နှိုင်းယှဉ်ပါက ပဲစင်းငုံ(နီ)၂၀ ပိသာ(၁)တင်းလျှင် ကျပ်(၅၅၀၀)၊ ပဲတီစိမ်း ၂၀ ပိသာ (၁)တင်းလျှင် ကျပ်(၅၀၀၀)၊ မတ်ပဲ ၂၀ ပိသာ(၁)တင်းလျှင် ကျပ်(၂၀၀၀)၊ ကုလားပဲ(HL) ၂၀ ပိသာ (၁)တင်းလျှင် ကျပ်(၄၅၀၀)၊ ကုလားပဲ (မြကြေး) ၂၀ ပိသာ(၁)တင်းလျှင် ကျပ်(၅၀၀၀)တို့ စျေးမြင့်တက်ခဲ့ပြီး အရောင်းအဝယ် ဖြစ်ခဲ့ပါသည်။

Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး

## နှမ်းရောင်စုံအမြင့်စျေးဖြင့် အရောင်းအဝယ်ဖြစ်

မကွေးတိုင်းဒေသကြီးတွင် ဆီထွက်သီးနှံဖြစ်သည့် နှမ်းသီးနှံအား ရောင်စုံစိုက်ပျိုးလျက်ရှိပါသည်။ နှမ်းနက်(စမုန်)၊ နှမ်းနက်(ရိုးရိုး)၊ နှမ်းဖြူ၊ နှမ်းနီ၊ နှမ်းညိုစသဖြင့် အရောင်စုံစိုက်ပျိုးကြပြီး နှမ်းနက်(စမုန်)ကို ပြည်ပပို့ကုန်နှမ်းအဖြစ် အများဆုံး တင်ပို့ရောင်းချကြပြီး ကျန်နှမ်းများကို အလှော်ပြုလုပ်၍လည်းကောင်း၊ နှမ်းယိုပြုလုပ်၍လည်းကောင်း၊ နှမ်းဆီကြိတ်ခွဲ၍ လည်းကောင်း ထုတ်လုပ်ကြပါသည်။ နှမ်းလှော်မှုန့်ထုတ်လုပ်၍လည်း ကိုရီးယားနိုင်ငံသို့ တင်ပို့ရောင်းချကြပါသည်။ ပို့ကုန်နှမ်းဖြစ်သည့် နှမ်းနက်(စမုန်)ကို တရုတ်သို့အများဆုံး တင်ပို့ရောင်းချကြသည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် နှမ်းနက်(စမုန်) ၄၅ ပိသာ(၃)တင်းဝင်တစ်အိတ်လျှင် (၃,၂၀,၀၀၀/ ၃,၃၀,၀၀၀/ ၃,၄၀,၀၀၀)၊ နှမ်းဖြူ ၄၅ ပိသာ(၃)တင်းဝင်တစ်အိတ်လျှင် (၃,၀၀,၀၀၀)၊ နှမ်းနီ ၄၅ ပိသာ(၃) တင်းဝင်တစ်အိတ်လျှင် (၂,၈၀,၀၀၀)စျေးတို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

၂၀၂၄ခုနှစ်၊ ဇန်နဝါရီလဆန်းပိုင်းတွင် နှမ်းနက်(စမုန်) ၄၅ ပိသာ(၃)တင်းဝင်တစ်အိတ်လျှင် (၃,၄၀,၀၀၀/ ၃,၅၀,၀၀၀)၊ နှမ်းဖြူ ၄၅ ပိသာ(၃)တင်းဝင်တစ်အိတ်လျှင် (၃,၀၀,၀၀၀)၊ နှမ်းနီ ၄၅ ပိသာ(၃) တင်းဝင်တစ်အိတ်လျှင် (၂,၈၀,၀၀၀/ ၃,၀၀,၀၀၀)စျေး တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ယခင်လနှင့်နှိုင်းယှဉ်ပါက နှမ်းနက်(စမုန်) ၄၅ ပိသာ(၃)တင်းဝင်တစ်အိတ်လျှင် ကျပ်(၁၀,၀၀၀)၊ နှမ်းဖြူမှာ စျေးငြိမ်နေပြီး နှမ်းနီ ၄၅ ပိသာ(၃)တင်းဝင်တစ်အိတ်လျှင် ကျပ်(၂၀,၀၀၀)စျေးမြင့်တက်ကာ အရောင်းအဝယ်ဖြစ်ခဲ့သည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## တောင်ကိုရီးယားနိုင်ငံသည် အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုပြုရာတွင် ဝမ်ငွေဖြင့် ငွေကြေးအလွှဲအပြောင်းလုပ်ခွင့်ပြုသွားမည်

တောင်ကိုရီးယားနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ ကုန်သွယ်ဖက်အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုအတွက် ငွေပေးချေရာတွင် ဝမ်ငွေဖြင့်ပေးချေခွင့်ရရှိမည်ဖြစ်ပါကြောင်းနှင့် အဆိုပါအစီအစဉ်ကို အစောဆုံးအနေဖြင့် ၂၀၂၄ ခုနှစ်၊ ဒုတိယနှစ်ဝက်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ၉-၁-၂၀၂၄ ရက်နေ့တွင် ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများက ပြောကြားခဲ့သည်။

ယင်းသို့ကိုရီးယားဝမ်ငွေဖြင့် ငွေလွှဲပြောင်းခွင့်ပြုရခြင်းမှာ များပြားလှသောကုန်ကျစရိတ်များကို လျှော့ချလို၍ဖြစ်ပါကြောင်း၊ ပြည်ပသို့ငွေလွှဲရာတွင် တောင်ကိုရီးယားဝမ်ငွေကို အခြားသောငွေကြေးများ (ပုံမှန်အားဖြင့် အသုံးအများဆုံး ငွေကြေးမှာ အမေရိကန်ဒေါ်လာ) သို့ ပြောင်းရာတွင်လည်းကောင်း၊ အခြားသောငွေကြေးမှ ဝမ်ငွေသို့ပြောင်းရာတွင် လည်းကောင်း ကြုံတွေ့ရသည့် ငွေလဲနှုန်းအတက်အကျများကြောင့် ကုန်ကျစရိတ်များစွာရှိနေပါကြောင်း၊ အဆိုပါ ကုန်ကျစရိတ် များကို လျှော့ချနိုင်ရန် ဝမ်ငွေဖြင့်သာ တိုက်ရိုက်ပေးချေခွင့်ပြုမည်ဖြစ်ပါကြောင်း၊ ယခုအစီအစဉ်သည် စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ၄-၁-၂၀၂၄ ရက်နေ့တွင် ကြေညာခဲ့သည့် ၂၀၂၄ ခုနှစ်အတွက် စီးပွားရေးမူဝါဒဦးတည်ချက်များအနက် အစီအစဉ်တစ်ခုကို လက်တွေ့အကောင်အထည်ဖော်ခြင်းဖြစ်ပါကြောင်း၊ အဆိုပါ

အစီအစဉ်ကို ၂၀၂၄ ခုနှစ်၊ ဒုတိယနှစ်ဝက်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီးပွားရေးနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနက ၂၀၂၄ ခုနှစ်၊ ပထမနှစ်ဝက်အတွင်း ငွေလဲလှယ်နှုန်းနှင့်စပ်လျဉ်းသည့် စည်းမျဉ်းများကို ပြန်လည် ပြင်ဆင်ရေးဆွဲခြင်းများကို တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများက ပြောကြားခဲ့ သည်။


တောင်ကိုရီးယားဝမ်ငွေ အသုံးပြု၍ ငွေလွှဲသည့်ဖြစ်စဉ်သည် ရှားပါးသော်လည်း ၂၀၁၀ ပြည့်နှစ်က ခြွင်းချက်အနေဖြင့် အမေရိကန်၏ပိတ်ဆို့မှုမှ လွတ်မြောက်နိုင်ရန် အီရန်နိုင်ငံမှ အမေရိကန်ဒေါ်လာဘီလီယံချီ တန်ဖိုးရှိသည့် ရေနံစိမ်း ဝယ်ယူမှု အတွက် ဝမ်ငွေဖြင့်ပေးချေခဲ့ဖူးပါသည်။ လက်ရှိတွင် ဝမ်ငွေဖြင့် ပေးချေမည့်အစီအစဉ်သည် “တောင်ကိုရီးယားဝမ်ငွေက အခြားသော ကမ္ဘာ့အဓိကငွေကြေးများအပြင် ငွေကြေးတန်ဖိုးတည်ငြိမ်ပြီး စိတ်ချရသည့် ငွေကြေးတစ်ခုအဖြစ် သတ်မှတ်ခြင်း ခံလာရပြီဖြစ်သည်”ကို မီးမောင်းထိုးပြနေခြင်းဖြစ်ပါကြောင်း၊ အထူးသဖြင့် တောင်ကိုရီးယားနိုင်ငံနှင့် တဖြည်းဖြည်း ကုန်သွယ်မှု မြင့်မားလာနေသည့် အာဆီယံနိုင်ငံများတွင် ဝမ်ငွေကို ဝယ်လိုအားမြင့်မားနေပါကြောင်း ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်း များကပြောကြားခဲ့သည်။

အာဆီယံ၁၀နိုင်ငံအနက် ဝမ်ငွေအသုံးပြု၍ကုန်သွယ်ခွင့်ပြုမည့် အလားအလာအကောင်းဆုံးနိုင်ငံမှာ အင်ဒိုနီးရှားနိုင်ငံ ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည်လည်း အင်ဒိုနီးရှားနိုင်ငံနှင့် ဆောင်ရွက်ပြီးနောက်ပိုင်း လက်ခံ ဆောင်ရွက် သွားဖွယ်ရှိပါသည်။ ဝမ်ငွေအသုံးပြု၍ ကုန်သွယ်ခွင့်ပြုသည့်အစီအစဉ်ကို စတင်ခွင့်ပြုသည်နှင့်တစ်ပြိုင်နက် တောင်ကိုရီးယား ကုမ္ပဏီများသည် ဆိုးလ်မြို့ရှိ ဘဏ်ခွဲများမှတစ်ဆင့်အာဆီယံနိုင်ငံများသို့ ငွေလက်ခံရယူခြင်း၊ ငွေလွှဲပေးပို့ ခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အာဆီယံနိုင်ငံများအပြင် အခြားသောဒေသများမှ နိုင်ငံများနှင့်လည်း ဝမ်ငွေအသုံးပြု၍ ကုန်သွယ်ခွင့်ပြုမည့်အစီအစဉ်ကို ရေရှည်စီမံကိန်းအဖြစ် တိုးချဲ့ဆောင်ရွက်သွားရန် စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက စီမံဆောင်ရွက်နေသည်။

**Source: https://www.koreatimes.co.kr/www/biz/2024/01/602_366601.html**

**(စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)**

## STOCK EXCHANGE (10.1.2024)


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 10th Jan. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,065 (Shares) | 9,336,150 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,600 | 8,700 | 8,600 | 140 | 1,206,000 | 33,109,694 | 288,054 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,800 | 2,850 | 2,800 | 417 | 1,172,950 | 38,929,150 | 110,948 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,500 | 1,550 | 1,500 | 4,218 | 6,328,100 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 170 | 425,000 | 12,823,224 | 32,058 |
| EFR | 00006 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,950 | 0 | 0 | 19,977,223 | 38,956 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 0 | 0 | 10,497,598 | 49,339 |
| MAEX | 00008 | 1,700 | -50 | -2.86% | 1,750 | 1,750 | 1,700 | 120 | 204,100 | 23,804,946 | 40,468 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 10th Jan. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.74 | -0.63 | -0.17% | 363.56 | 364.74 | 362.59 | 5,065 | 9,336,150 | 8 | 687,971 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 10th Jan. 2023

| Trading Volume | Trading Value |
|---|---|
| 5,065 (Shares) | 9,336,150 (MMK) |

## Main Board

As of 1:00 pm, 10th Jan. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,065 (Shares) | 9,336,150 (MMK) |

| MYANPIX | 364.74 ▼ 0.63 |
|---|---|
| Total Volume (shares) | 5,065 |
| Total Value (MMK) | 9 mil |
| Listed Company | 8 |
| Market Cap. (MMK) | 687,971 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,950 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,700 | ▼ 50 |